မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

March 18 , 2025 Volume 88 , Number 9


| ၁၈.၃.၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၈.၁၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၇.၆၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၂၇.၄၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၀.၇၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၆၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၂၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၈၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၂.၄၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၅၃ ကျပ် |

Source: CBM Rate, etrademyanmar.com



**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## မြန်မာ့ထောပတ်သီးများကို လာမည့် ၂၀၂၆ -၂၀၂၇ ဘဏ္ဍာနှစ်တွင် တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့နိုင်မည်




မြန်မာ့ဒေသထွက် ထောပတ်သီးများကို တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) သတ်မှတ်ချက်များနှင့်အညီလာမည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့နိုင်မှာဖြစ်ကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။

လက်ရှိတွင်မဲခေါင်-လန်ချန်း အထူးရန်ပုံငွေ ၂၀၂၂ စီမံကိန်းအရ လာမည့် ၂၀၂၆ ခုနှစ်တွင် မြန်မာ့ထောပတ်သီးကို GACC သတ်မှတ်ချက်များနှင့်အညီ တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်မှုတွင်လည်း မြန်မာ့စိုက်ပျိုး ရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနမှ ထောပတ်ခြံများသို့ ပိုးကျခြင်း ရှိ၊ မရှိ အသေးစိတ်စစ်ဆေး၍ ကာကွယ်ရေးနည်းလမ်းများပေးလျက်ရှိကြောင်း သိရပါတယ်။

ထိုသို့ တင်ပို့နိုင်ရန်အတွက် တရုတ်နိုင်ငံဘက်မှ ဗီဒီယိုဖြင့် စစ်ဆေးမှုကိုတော့ လာမည့် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် ပြုလုပ်ရန် နှစ်ဖက်ညှိနှိုင်းထားပြီး လာမည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ထောပတ်သီးရာသီချိန်တွင် တရားဝင် G to G တင်ပို့နိုင်မှာဖြစ်ကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားထားပါတယ်။

မြန်မာ့ထောပတ်သီးကို တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့နိုင်ပါက ထောပတ်သီးပြည်ပတင်ပို့မှုဈေးကွက် ပိုမိုကြီးမားလာမှာဖြစ်သလို ထောပတ်သီးကဏ္ဍအတွက် အင်မတန်ကြီးမားသည့်အခွင့်အလမ်းနှင့်အကျိုးရလဒ်ကြီးတစ်ခုဖြစ်ကြောင်း သိရပါတယ်။

ယင်းကြောင့် လက်ရှိတွင်ထောပတ်သီးပင်များတွင် ကျရောက်တတ်သည့် အဖျက်ပိုးထိန်းချုပ်ရေးနည်းစနစ်များကို မြန်မာနိုင်ငံ၏ ထောပတ်သီးပင်အဓိက စိုက်ပျိုးသည့် ရှမ်း

ပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနောင်ချိုမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် များတွင် စိုက်ပျိုးရေးဦးစီးဌာန၏ သီးနှံကာကွယ်ရေးဌာနမှ ပညာရှင်များနှင့်စိုက်ပျိုးရေးခြံပိုင်ရှင်များ ပူးပေါင်းကာ သုတေသန ပြုလုပ်ခြင်း၊ ကာကွယ်ရေးနည်းလမ်းများပို့ချဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နေကြောင်း သိရပါတယ်။

Source : https://htwettoe.com/

## မအူပင်မြို့နယ်၌ ရုံးပတီသီးနှံ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ





ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးရလွယ်ကူသောရုံးပတီသီးနှံကို မိသားစုအပိုဝင်ငွေရရှိရန် အတွက် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း သိရသည်။

ရုံးပတီသီးနှံသည်ရာသီမရွေး စိုက်ပျိုးနိုင်၍ စိုက်ပျိုးပြီး ၂ လခန့်အကြာတွင် စတင်ခူးဆွတ်ရကြောင်း၊ ပင်ပုမျိုး၊ ပင်လတ်မျိုး၊ ပင်မြင့်မျိုးများရှိပြီး ပင်လတ်ရုံးပတီမျိုးများကို အများဆုံး စိုက်ပျိုးလျက် ရှိရာ တစ်ဧကလျှင် မျိုးစေ့ ၁၂ ထုပ်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် တန်းခြား ၃ ပေ၊ ပင်ခြား ၁ ပေ – ၁ ပေခွဲထား၍ ဘောင်ခတ်စနစ်ဖြင့် စိုက်ပျိုးရပြီး မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၈၀၀,၀၀၀ ခန့်ကုန်ကျကြောင်း၊ရုံးပတီသီးနှံကို ၃ ရက်ခြားတစ်ကြိမ်နှုန်းဖြင့်သက်တမ်း ၂ လခန့်အထိ ခူးဆွတ်နိုင်ပြီး တစ်ဧကလျှင်ပိဿာချိန် ၃,၀၀၀ခန့်ထွက်ရှိကြောင်း၊ဈေးကွက်အနေဖြင့်ပွဲစားများမှတစ်ဆင့်ဒေသတွင်းရောင်းချမှုအပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကြကြောင်း၊ ရုံးပတီသီးနှံသည် စိုက်ပျိုးရလွယ်ကူပြီး ရာသီမရွေးစိုက်ပျိုးနိုင်သည့်အတွက် တောင်သူများအနေဖြင့် အကျိုးအမြတ်များရရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

**Source : DOCA** (ဧရာဝတီ)

https://commerce.gov.mm/

## ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးပြေမပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးပြေမပိဿာချိန်အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

ဝါးခယ်မမြို့နယ်မှ ဇန်နဝါရီလအတွင်း ရန်ကုန်ဈေးကွက်သို့ ငါးပြေမပိဿာချိန်၅၀,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလတွင် ပိဿာချိန် ၇၅,၀၀၀ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဒေသထွက်ငါးပြေမတွေကို ပြည်တွင်းရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေပါတယ်။ဖေဖော်ဝါရီလအတွင်း ပိဿာချိန် ၇၅,၀၀၀ တင်ပို့ရောင်းချခဲ့ရတဲ့အတွက် ဇန်နဝါရီလထက် ပိဿာချိန် ၂၅,၀၀၀ ပိုမိုရောင်းချခဲ့ရပါတယ်။ဝါးခယ်မမြို့နယ်ကနေ ငါးပြေမအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုအများဆုံးတင်ပို့ရောင်းချတာဖြစ်ပါတယ်။ အခြားရေထွက်ကုန်တွေလည်း ရောင်းချနေပါတယ်"ဟု ၎င်းကပြောသည်။

အဆိုပါ ငါးပြေမ ၁၀ ပိဿာလျှင် ငွေကျပ် ၁၉၅,၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ငါးပြေမသည် ဈေးကွက်အခိုင်အမာရှိခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် ငါးပြေမကို ထပ်တိုးမွေးမြူလာကြကြောင်း သိရသည်။

**Source : ရတနာပုံသတင်းစာ**

## ကျောက်ဆည်မြို့နယ်၌ ကုလားပဲ(ဆောင်း)သီးနှံများ လှိုင်လှိုင်ထွက်ပေါ်





မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ကုလားပဲ (ဆောင်း)သီးနှံကိုလည်း စိုက်ပျိုးကြကြောင်း၊ ကျောက်ဆည် မြို့နယ်တွင် ကုလားပဲ(ဆောင်း) စိုက်ဧက ၃၀,၀၉၈ ဧက စိုက်ပျိုးထားရှိရာ ၁,၁၅၄ ဧက ရိတ်သိမ်းပြီး ဖြစ်ကြောင်း ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ကုလားပဲ(ဆောင်း)သီးနှံကို နိုဝင်ဘာလနှင့်ဒီဇင်ဘာလများတွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလ နှင့်မတ်လများတွင် ရိတ်သိမ်းသည့်အတွက် ယခုအချိန်တွင် ကုလားပဲ(ဆောင်း)သီးနှံများ လှိုင်လှိုင် ထွက်ပေါ်လျက် ရှိကြောင်း၊ V2 ကုလားပဲမျိုးနှင့် ရိုးရိုးကုလားပဲ လုံးသေးမျိုးများရှိပြီး V2 ကုလားပဲမျိုး ကိုသာ အများဆုံး စိုက်ပျိုး ကြကြောင်း၊ စိုက်ပျိုးရာတွင် ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့ တစ်တင်းခွဲနှုန်းခန့် စိုက်ပျိုးရကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၃ သိန်းခန့်ကုန်ကျပြီး ၁၁-၁၂တင်းနှုန်းခန့် ထွက်ရှိကြောင်း ဈေးကွက်အနေဖြင့် တောင်သူများမှ ကုလားပဲသီးနှံများကို ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြပြီး ပွဲရုံများမှ တစ်ဆင့် မန္တလေးနှင့်ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချကြကြောင်း၊ ကုလားပဲသီးနှံသည် ကုန်ကျစရိတ်သက်သာပြီး အကျိုးအမြတ် ရရှိသော သီးနှံဖြစ်၍ နှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**Source : DOCA (မန္တလေး)**

https://commerce.gov.mm/

## ကျောက်ဆည်မြို့နယ်၌ ပဲစင်းငုံသီးနှံများ ရိတ်သိမ်းပြီးစီး





မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး စပါး၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ဂျုံ၊ နေကြာစသည့်သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ပဲစင်းငုံသီးနှံကိုလည်း စီးပွားဖြစ် စိုက်ပျိုးကြကြောင်း၊ ကျောက်ဆည်မြို့နယ်တွင် ပဲစင်းငုံကို ၁,၄၈၃ ဧက စိုက်ပျိုးခဲ့ပြီး ယခုအချိန်တွင် သီးနှံအားလုံး ရိတ်သိမ်းပြီးဖြစ်ကြောင်း ကြေးတိုင်နှင့်မြေစာရင်းဦးစီး ဌာန၏ စာရင်းများအရ သိရသည်။

ပဲစင်းငုံသီးနှံကို ဇွန်လနှင့် ဇူလိုင်လများတွင် စတင်စိုက်ပျိုးကြပြီး ယခုအချိန်တွင် သီးနှံအားလုံး ရိတ်သိမ်းပြီးဖြစ်ကြောင်း၊ အများဆုံးစိုက်ပျိုးကြသည့် မျိုးအနေဖြင့် ကြေးနီရောင်တဘက်လှဲမျိုး၊ ရွှေဝါရောင်လုံးသေးဒင်္ဂါးမျိုးများဖြစ်ပြီး ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၃ သိန်းကျပ်ခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ၁၀-၁၁ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများမှ ကျောက်ဆည် မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့် မန္တလေးနှင့်ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချကာ အကျိုးအမြတ်များရရှိ ကြောင်း ပဲစင်းငုံသီးနှံစိုက်ပျိုးသည့် တောင်သူတစ်ဦးထံက သိရသည်။

**Source : DOCA (မန္တလေး)**

https://commerce.gov.mm/

## ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံတကာကုန်သွယ်မှုသည် ၂၀၂၅ ခုနှစ်၊ ပထမ ၂ လအတွင်း ၁၆ ရာခိုင်နှုန်း တိုးတက်လာခဲ့




ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံတကာကုန်သွယ်မှုသည် ၂၀၂၅ ခုနှစ်၊ ပထမ ၂ လအတွင်း အမေရိကန်ဒေါ်လာ ၉ ဒသမ ၄၄ ဘီလီယံမှ ၁၆ ဒသမ ၃ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း အကောက်ခွန်နှင့် အခွန်ကြီးကြပ်မှုဦးစီးဌာန(GDCE) မှ ၁၀-၃-၂၀၂၅ ရက်နေ့က ထုတ်ပြန်ခဲ့သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဖေဖော်ဝါရီလအထိ ကမ္ဘောဒီးယားနိုင်ငံသည် ပြည်ပသို့ ကုန်စည်တင်ပို့မှု အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၆ ဘီလီယံဖိုး တင်ပို့ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၁၂ ရာခိုင်နှုန်းတိုးတက်လာခဲ့သည်။ သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၈ ဘီလီယံရှိခဲ့ပြီး၂၀ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်းအစီရင်ခံစာတွင်ဖော်ပြထားသည်။

အမေရိကန်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည်ကမ္ဘောဒီးယားနိုင်ငံ၏ ပို့ကုန်များအတွက် ဈေးကွက်နှစ်ခုဖြစ်ပြီး ပို့ကုန်ပမာဏ ကန်ဒေါ်လာ ၁,၆၂၆ သန်းနှင့် ကန်ဒေါ်လာ ၆၄၈ သန်းအသီးသီးရှိကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။ တရုတ်နိုင်ငံ၏ စုစုပေါင်းသွင်းကုန်ပမာဏသည် အမေရိကန်ဒေါ်လာ ၂,၄၄၄ သန်းဖြင့်ကမ္ဘောဒီးယားနိုင်ငံ၏ အကြီးဆုံးသွင်းကုန်နိုင်ငံအဖြစ်ရပ်တည်နေပြီး ၂၀၂၄ ခုနှစ်ထက် ၂၄ ရာခိုင်နှုန်းတိုးလာခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံ၊ ကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌ Lim Heng က ကမ္ဘာ့စီးပွားရေး အခြေအနေသည် တိုးတက်လာနိုင်ပြီး ကမ္ဘောဒီးယားကုန်ပစ္စည်းများ အမှာစာများ တိုးမြင့်လာကာ အဓိကအင်အားကြီး နိုင်ငံများအကြားကုန်သွယ်ရေးစစ်ပွဲပြင်းထန်လာခြင်းသည်ကမ္ဘောဒီးယားနိုင်ငံကိုကောင်းကျိုးသက်ရောက်စေကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်၏ အဓိကတင်ပို့သည့် ထုတ်ကုန်များမှာ အထည်ချုပ်၊ စက်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ဖိနပ်များ၊ ဆန်စပါး၊ ရော်ဘာ၊ သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များဖြစ်ကြောင်း (GDCE) မှ ထုတ်ပြန်ချက်အရသိရသည်။ ကမ္ဘောဒီးယားနိုင်ငံ၏ အဓိကသွင်းကုန်များတွင်ဆေးဝါးနှင့်ဖြည့်စွက်စာများ၊လူသုံးကုန်များ၊ အစားအသောက်ကုန်နှင့် အဖျော်ယမကာများ ပါဝင်သည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## ၂၀၂၅ ခုနှစ်ဖေဖော်ဝါရီလတွင် ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းများ မြင့်တက်လာ



စွမ်းအင်နှင့် သယ်ယူပို့ဆောင်ရေးစရိတ်များ မြင့်တက်ခြင်းအပြင် ရာသီဥတုအခြေအနေ အဆင်မပြေမှုကြောင့် ဖေဖော်ဝါရီလတွင် ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)က မတ်လ ၇ရက်နေ့တွင်သတင်းထုတ်ပြန်ခဲ့သည်။

FAO စားနပ်ရိက္ခာအညွှန်းကိန်းသည် ဇန်နဝါရီလနှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ယခင်နှစ်ကထက် ၈ဒသမ၂ ရာခိုင်နှုန်း မြင့်မားခဲ့သည်။

နို့ထွက်ပစ္စည်း၊ ဟင်းရွက်ဆီနှင့် သကြားတို့သည် ဖေဖော်ဝါရီလတွင် အကြီးမားဆုံးဈေးနှုန်းမြင့်တက်ခဲ့ပြီး အညွှန်းကိန်း၏ အကြီးဆုံးအစိတ်အပိုင်းဖြစ်သည့်စပါးနှင့်သီးနှံဈေးနှုန်းများမှာအနည်းငယ်မြင့်တက်ကာအသားဈေးများကျဆင်းခဲ့သည်။

ကမ္ဘာ့ဝယ်လိုအားမြင့်တက်မှုကြောင့်နို့ထွက်ပစ္စည်းဈေးသည် ဇန်နဝါရီလကထက် ၄ ရာခိုင်နှုန်းတက်လာခဲ့သည်။ ဟင်းသီးဟင်းရွက်ဆီ ဈေးနှုန်းအညွှန်းကိန်းသည် ဖေဖော်ဝါရီတွင် ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး အညွှန်းကိန်းသည်လွန်ခဲ့သည့်နှစ်က အဆင့်ထက် ၂၉ ဒသမ ၁ ရာခိုင်နှုန်းသို့ တွန်းအားပေးခဲ့သည်။သကြားသည်လစဉ် သိသိသာသာတိုးလာပြီး ၆ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

အစေ့အဆန်များနှင့်စီရီရယ်ဈေးနှုန်းများသည်အမြတ်များခဲ့ပြီး သုည ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ အသားမှာ ကျဆင်းသည့် တစ်ခုတည်းသော အညွှန်းကိန်းဖြစ်ပြီး အဓိကအားဖြင့် ကြက်ဈေးနှုန်းများ နိမ့်ကျခြင်းကြောင့် သုည ဒသမ ၁ ရာခိုင်နှုန်းကျဆင်းသွားသည်။ အသားဈေးနှုန်းများသည် ယခင်နှစ်ကထက် ၄ ဒသမ၈ ရာခိုင်နှုန်း မြင့်မားနေခဲ့ကြောင်းသိရသည်။

Source : DOCA(ရန်ကုန်)

https://www.doca.gov.mm/

## ဗီယက်နမ်နှင့်ကျူးဘားတို့ ဆေးဝါးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်




ကျူးဘားနိုင်ငံဆိုင်ရာဗီယက်နမ်သံအမတ် Le Quang Long သည် နှစ်နိုင်ငံအကြား ဆေးဝါးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုအရှိန်မြှင့်တင်ရန်အတွက် ကျူးဘား၏ BioCubaFarma Group ကို မတ်လ ၇ ရက်နေ့က အလုပ်သဘောအလည်အပတ်သွားရောက်ခဲ့ကြောင်း သိရသည်။

ထိုလည်ပတ်မှုအတွင်း BioCubaFarma Group ၏ ဥက္ကဋ္ဌ Mayda Mauri Perez က ၎င်းတို့၏အဓိကဆေးဝါးထုတ်ကုန်များကိုမိတ်ဆက်ပြသခဲ့ပြီး သုတေသန၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဇီဝဆေးဝါးထုတ်ကုန်များထုတ်လုပ်မှုတို့တွင် ဗီယက်နမ်စီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရန်မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

Long ကအများပြည်သူကျန်းမာရေးတိုးတက်ရန်နှင့် ဗီယက်နမ်၏ ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ချက်ဖြည့်ဆည်းနိုင်ရန်အတွက် ဇီဝနည်းပညာနှင့်ဆေးဝါးများတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုအားကောင်းခြင်း၏အရေးပါမှုကို အသားပေးပြောကြားခဲ့ကြောင်း သိရသည်။

နှစ်ဖက်စလုံးသည် ကျူးဘားကကျွမ်းကျင်မှုအားကောင်းပြီး ဗီယက်နမ်ကကြီးထွားရန်အလားအလာရှိသော ကျန်းမာရေးစောင့်ရှောက်မှုဧရိယာတွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် အခွင့်အလမ်းများကိုဆွေးနွေးခဲ့ကြကြောင်း သိရသည်။ ၂၀၁၂ ခုနှစ်တွင်စတင်တည်ထောင်သည့် BioCubaFarma သည် ကျူးဘား၏ အမျိုးသားဇီဝနည်းပညာနှင့်ဆေးဝါးလုပ်ငန်းဖြစ်ပြီး နိုင်ငံ၏ သုတေသနဆောင်ရွက်မှု၏ ၅၀ ရာခိုင်နှုန်း အတွက် တာဝန်ရှိကြောင်း သိရသည်။ ထိုလုပ်ငန်းသည် နည်းပညာမြင့် ထုတ်ကုန်များရောင်းချခြင်း၊ ထုတ်လုပ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထူးကျွမ်းကျင်ကြောင်း သိရသည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

# STOCK EXCHANGE (18.3.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 18th Mar. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,452 (Shares) | 14,829,150 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,300 | +100 | +1.39% | 7,300 | 7,300 | 7,200 | 670 | 4,831,000 | 33,109,694 | 241,701 |
| MTSH | 00002 | 3,150 | +100 | +3.28% | 3,050 | 3,150 | 3,050 | 1,383 | 4,266,150 | 38,929,150 | 122,627 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 30 | 228,000 | 10,400,986 | 79,048 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 389 | 700,200 | 29,664,613 | 53,396 |
| TMH | 00005 | 2,850 | +50 | +1.79% | 2,850 | 2,850 | 2,850 | 173 | 493,050 | 12,823,224 | 36,546 |
| EFR | 00006 | 1,600 | +0 | +0.00% | 1,600 | 1,600 | 1,500 | 960 | 1,513,500 | 19,977,223 | 31,964 |
| AMATA | 00007 | 4,000 | +0 | +0.00% | 4,000 | 4,000 | 4,000 | 80 | 320,000 | 10,497,598 | 41,990 |
| MAEX | 00008 | 3,250 | +50 | +1.56% | 3,200 | 3,250 | 3,200 | 767 | 2,477,250 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 18th Mar. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 362.98 | +4.80 | +1.34% | 358.18 | 362.98 | 358.18 | 4,452 | 14,829,150 | 8 | 684,638 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 18th Mar. 2025

| Trading Volume | Trading Value |
|---|---|
| 4,473 (Shares) | 14,894,250 (MMK) |

## Main Board

As of 1:00 pm, 18th Mar. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,452 (Shares) | 14,829,150 (MMK) |

| MYANPIX | 362.98 ▲ 4.80 |
|---|---|
| Total Volume (shares) | 4,452 |
| Total Value (MMK) | 15 mil |
| Listed Company | 8 |
| Market Cap. (MMK) | 684,638 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,300 | ▲ 100 |
| MTSH | 00002 | 3,150 | ▲ 100 |
| MCB | 00003 | 7,600 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 50 |
| EFR | 00006 | 1,600 | ▲ 0 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 50 |